(ပုံစံ - ၁၁)

# ခုံသမာဓိကောင်စီ

## ခုံအဖွဲ့၏ဆုံးဖြတ်ချက်

{ နည်းဥပဒေ ၂၃(စ) }

## ခုံအဖွဲ့

၂၀၁၄ ခုနှစ်၊ လျှောက်ထားသည့်အငြင်းပွားမှုအမှတ် ( ၁၉/၂၀၁၄)

| | |
|---|---|
| ဒေါ်မာမာခင်ပါ(၅၁)ဦး၊<br>အမှတ်(၂/၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊<br>လှိုင်သာယာမြို့နယ်။ | လျှောက်ထားသူများ |

နှင့်

| | |
|---|---|
| ဒေါ်ဝင်းဝင်းခိုင်(ပိုင်ရှင်)၊<br>ဦးကျော်ဇေယျ(မန်နေဂျာ)(ကိုယ်စားလှယ်)၊<br>Gallant Ocean အအေးခန်းစက်ရုံ၊<br>အမှတ်(၂)၊ မင်းကြီးမဟာမင်းခေါင်လမ်း၊<br>ဇုန်(၂)၊ လှိုင်သာယာမြို့နယ်။ | လျှောက်ထားခြင်းခံရသူ |

ရက်စွဲ၊ ၂၀၁၄ ခုနှစ်၊ ဇွန်လ ၂၆ ရက်

## ဆုံးဖြတ်ချက်

၁။ ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ ဇုန်(၂)၊မင်းကြီးမဟာမင်းခေါင်လမ်း၊အမှတ်(၂) ရှိ Gallant Ocean အအေးခန်းစက်ရုံပိုင်ရှင် ဒေါ်ဝင်းဝင်းခိုင်နှင့် အလုပ်သမား ဒေါ်မာမာခင်ပါ (၅၁)ဦးတို့ဖြစ်ပွားကြသော အငြင်းပွားမှုတစ်ရပ်ကို ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က ကြားနာစစ်ဆေးဆုံးဖြတ်ခဲ့သည်။

၂။ ရန်ကုန်တိုင်းဒေသကြီးခုံသမာဓိအဖွဲ့က အငြင်းပွားမှုအမှတ်(၃၀/၂၀၁၄)အရ ထိုအငြင်းပွားမှုကို ကြားနာစစ်ဆေးပြီး ၂၀၁၄ ခုနှစ်၊ မေလ ၃၀ ရက်နေ့တွင် ဆုံးဖြတ်ပေးခဲ့သည်။

၃။ ဤအငြင်းပွားမှုသည် တောင်းဆိုသူက တောင်းဆိုခြင်းခံရသူထံတွင် စက်ရုံမှ သတ်မှတ်ထားသော နပ်စ်ပေးရာတွင် ကွာခြားမှုများသဖြင့် ဝန်ထမ်းအားလုံးတစ်ပြေးညီခံစားခွင့်ပေးရန် တောင်းဆိုခြင်းမှ ဖြစ်ပွားလာသောအငြင်းပွားမှုဖြစ်သည်။

၄။ ထိုတောင်းဆိုချက်ပေါ်တွင် အဆိုပါ ခုံသမာဓိအဖွဲ့က ကောက်ချက်(၁)ချက်ရေးဆွဲပြီး အဆုံးအဖြတ်ပေးခဲ့ရာ တောင်းဆိုသူများမှ အောက်ပါကောက်ချက်အပေါ်တွင် ဆုံးဖြတ်သော ဆုံးဖြတ်ချက်ကို ကျေနပ်မှုမရှိ၍ လျှောက်ထားခြင်းဖြစ်သည် -

<u>ကောက်ချက်အမှတ်(၁)။</u> ဒေါ်မာမာခင်ပါ အလုပ်သမား(၅၁)ဦးတို့သည် စက်ရုံမှသကြင်္န်ဘောနပ်စ်ပေးရာတွင် အခြားလစာအလုပ်သမားများအား တစ်သိန်းနှင့်အထက်၊ နေ့စားအလုပ်သမားများအား ခြောက်သောင်းနှင့်အထက် ပေးသော်လည်း ၎င်းတို့အလုပ်သမား(၅၁)ဦးအား တစ်ဦးလျှင် ငါးထောင်ကျပ်စီသာပေး၍ ကွာခြားမှုများသဖြင့် ဝန်ထမ်းအားလုံးတစ်ပြေးညီခံစားခွင့်ပေးရန်တောင်းဆိုခြင်း။

<u>ဆုံးဖြတ်ချက်အမှတ်(၁)။</u> စက်ရုံမှ သကြင်္န်ဘောနပ်စ်ကွာခြားမှုများသဖြင့် ဝန်ထမ်းအားလုံးတစ်ပြေးညီခံစားခွင့်ပေးရန် တောင်းဆိုခြင်းအား ပလပ်လိုက်သည်။

၅။ ရန်ကုန်တိုင်းဒေသကြီး၊ ခုံသမာဓိအဖွဲ့၏ ဆုံးဖြတ်ချက်အပေါ် တောင်းဆိုသူ ဒေါ်မာမာခင်ပါ (၅၁)ဦးတို့မှ ကျေနပ်မှုမရှိသဖြင့် ခုံသမာဓိကောင်စီသို့လျှောက်ထားလာသည့်အတွက်အလုပ်သမား အလုပ်အကိုင်နှင့် လူမှုဖူလုံရေးဝန်ကြီးဌာန၊ အလုပ်သမားရေးရာဆက်ဆံရေးဦးစီးဌာန၏ အမိန့်ကြော်ငြာစာအမှတ် (၂၃/၂၀၁၄)ဖြင့် ခုံသမာဓိကောင်စီအမှုအမှတ် (၁၉/၂၀၁၄)ကိုကြားနာစစ်ဆေးသည့် ခုံအဖွဲ့အား အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ထားပါသည် -

| စဉ် | အမည် | |
|---|---|---|
| ၁။ | ဦးစိုးညွန့် | ဥက္ကဋ္ဌ |
| ၂။ | ဦးထွန်းအေး | အဖွဲ့ဝင် |
| ၃။ | ဒေါ်စန်းစန်းဦး | အဖွဲ့ဝင် |

၆။ ခုံအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် အမှုတွဲကို လက်ခံရရှိပြီးနောက် ၂၆.၆.၂၀၁၄ ရက်နေ့တွင် စုံညီရုံးထိုင်၍ လှိုင်သာယာမြို့နယ် ညှိနှိုင်းဖျန်ဖြေရေးအဖွဲ့၏ တင်ပြချက်၊ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့၏ စစ်ဆေးဆောင်ရွက်ချက်များနှင့် အလုပ်ရှင်ကိုယ်စားလှယ်၏တင်ပြချက်များ၊ ဒေါ်မာမာခင်ပါအလုပ်သမားများ၏ တင်ပြချက်များကို ကြားနာစစ်ဆေးခဲ့ကြပါသည်။

၇။ ခုံအဖွဲ့မှ လျှောက်ထားသူများနှင့် လျှောက်ထားခြင်းခံရသူတို့၏ ကြားနာစစ်ဆေးချက်များအပေါ် အခြေခံ၍ အောက်ပါအတိုင်း ကောက်ချက်များရေးဆွဲပြီး ဆုံးဖြတ်လိုက်သည် -

<u>ကောက်ချက်အမှတ်(၁)။</u> ဒေါ်မာမာခင်ပါအလုပ်သမား(၅၁)ဦးတို့သည် လစာဝန်ထမ်းများဖြစ်ပြီးစက်ရုံမှ သကြင်္န်ဘောနပ်စ်ပေးရာတွင် ၎င်းတို့မှအပအခြားလစာအလုပ်သမားများအား(၁)သိန်းကျပ်နှင့်အထက်၊ နေ့စားအလုပ်သမားများအား (၆)သောင်းကျပ်နှင့်အထက်ပေးသော်လည်း ဒေါ်မာမာခင်

ပါအလုပ်သမား(၅၀)ဦးအား တစ်ဦးလျှင် (၅)ထောင်ကျပ်စီသာခံစား ခွင့်ပြု၍ ကွာခြားမှုရှိသဖြင့် အလုပ်သမားအဖွဲ့အစည်းဝင်များအား ခွဲခြားဆက်ဆံရသဖြင့်အခြားနေ့စား/လစားအလုပ်သမားများနည်းတူ သင့်တင့်သည့်နှုန်းထားဖြင့်ခံစားခွင့်ပြုရန်တောင်းဆိုခြင်းဖြစ်သည်။

**သုံးသပ်ချက်အမှတ်(၁)။**

(က) Gallant Ocean အအေးခန်းစက်ရုံအနေဖြင့် လုပ်သက်(၇) နှစ်ရှိ အလုပ်သမားများ၏ သက်သေခံထွက်ဆိုချက်အရ ၂၀၁၄ ခုနှစ်၊ သင်္ကြန်မတိုင်ခင်ကပင် နှစ်စဉ် သင်္ကြန်ဘောနပ်စ်အား လစား/နေ့စား အလုပ်သမားတိုင်းအား လုပ်သက်အလိုက် ယခင်က -၂၃၀၀၀ိ/- မှ ၂၈၀၀၀ိ/ကြား လုပ်သက်အလိုက်ခံစားခွင့်ပြုခဲ့ကြောင်းတွေ့ရှိရသည်။ ယခုနှစ်တွင်လည်း လုပ်သက်(၁)လကျော်ရှိ နေ့စား/သန့်ရှင်းရေး လုပ်သားအား ဘောနပ်စပ် ၄၀၀၀ိ/-ကျပ်ခံစားခွင့်ပြုကြောင်း၊ အလုပ်ရှင်ကိုယ်စားလှယ်မှလည်း ဟုတ်မှန်ကြောင်း သက်သေခံခဲ့သည်။ မန်နေဂျာ ဦးကျော်ဇေယျ၏ ထွက်ဆိုချက်အရ ယခုနှစ်တွင် နေ့စားလုပ်သား ၂၀၀ ကျော်တိုးချဲ့ခန့်ထားပြီး လုပ်ငန်းအခြေအနေ ကောင်းကြောင်း သက်သေခံခဲ့သည်။ အလုပ်သမားများ သက်သေခံချက်အရ ပိုင်ရှင် ဒေါ်ဝင်းဝင်းခိုင်ဆိုသူသည် လွန်ခဲ့သော ၆ နှစ်အတွင်း စက်ရုံသို့လာရောက်ခြင်းမတွေ့ရဘဲ လွန်ခဲ့သော ၂ နှစ်ခန့်မှသာ စက်ရုံသို့ လာရောက်ခြင်း တွေ့ရသည်။ မန်နေဂျာ ဦးကျော်ဇေယျမှ ပိုင်ရှင် ဒေါ်ဝင်းဝင်းခိုင်သည် စက်ရုံသို့ (၁)လ၊ (၁)ကြိမ်သာ လာသည်ဟု သက်သေခံခဲ့သည်။ နေ့စဉ် စက်ရုံလုပ်ငန်းများကို စီမံခန့်ခွဲနေသူမှာ မစ္စတာအုပ်သျှောင်ဆိုသူ ဖြစ်ကြောင်းတွေ့ရသည်။ အလုပ်ရှင်ကိုယ်စားခုံအဖွဲ့သို့သက်သေခံလာရောက်သူ မန်နေဂျာ ဦးကျော်ဇေယျမှာ ခုံအဖွဲ့မှ သက်သေတင်ပြရန်တောင်းဆိုထားသည့် ၂၀၁၄ ခုနှစ် ဘောနပ်စ် အလုပ်သမားတစ်ဦးခြင်းပေးသည့်စာရင်း၊ ယင်းစာရင်း အရချီးမြှင့်ငွေ ကွာခြားချက်ဖြစ်ပေါ်ရသည့် လုပ်ငန်းစဉ်နှင့် မူဝါဒ သဘောတရားများကို အလုပ်သမားအရာရှိ ဒေါ်ခင်မာချို ကိုယ်တိုင် ဖုန်းဖြင့်(၂)ကြိမ်တိုင်ဆက်သည်ကို သိရှိသော်လည်း တင်ကူးကြံရှယ်ချက်ဖြင့် ခုံအဖွဲ့ချိန်းဆိုသည့်နေ့တွင် သက်သေခံတင်ပြမှုမရှိခြင်း၊ ၎င်းဘောနပ်စ်စာရင်းများကို မန်နေဂျာ ဦးကျော်ဇေယျ ကိုယ်တိုင် သိရှိခြင်း မရှိကြောင်း ထွက်ဆိုခြင်း၊ အခြား အလုပ်ရှင်၊ အလုပ်သမား ဆက်ဆံရေးကိစ္စများကို ဥပဒေပြဋ္ဌာန်းချက်ပါ အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေးနည်းဥပဒေပုဒ်မ(၃၂)အရ စနစ်တကျဆောင် ရွက်မှုမရှိခြင်း၊ ပိုင်ရှင် ဒေါ်ဝင်းဝင်းခိုင်မှ အလုပ်သမားများ ဆန္ဒပြ သဖြင့် လုပ်ငန်းထိခိုက်မှုကြောင့် စက်ရုံအနေဖြင့် ဘောနပ်စ်ပေးနိုင်

ခြင်းမရှိဘဲနိုင်ငံခြားသား ပညာရှင် မစ္စတာအုပ်သျှောင်မှ စိုက်ထုတ်ပေးသည်ဟု သက်သေခံခဲ့ခြင်း၊ မန်နေဂျာ ဦးကျော်ဇေယျမှ ပိုင်ရှင်သည် ဘောနပ်စ်ပေးအပ်သည့် မှတ်တမ်းကို လျှို့ဝှက်ထားရှိသည်ဟု ထွက်ဆိုခြင်းများသည် တစ်စုံတစ်ရာဖုံးကွယ်၊ လိမ်လည်လှည့်ဖြား လိုသောသဘောထားရှိကြောင်းယူဆရပါသည်။ အလုပ်ရှင်မှဘောနပ်စ်စာရင်းများကိုသက်သေခံတင်ပြခြင်းမရှိသဖြင့်အလုပ်သမားများ သက်သေခံထွက်ဆိုချက်အရယခုနှစ်ဘောနပ်စ်ပေးရာတွင်ဒေါ်မာမာခင်ပါ(၅၁)ဦးနှင့် လုပ်ငန်းတူ၊ အဆင့်တူ လစားများအနေဖြင့် အနည်းဆုံး ၆၀၀၀၀ိ/-ကျပ်မှ၊ အများဆုံး၁၆၀၀၀၀ိ/-ကျပ်၊ လုပ်သက် (၂)လရှိ နေ့စား အိမ်သာ သန့်ရှင်းရေးအား ဘောနပ်စ် ၉၀၀၀ိ/- ကျပ်၊ (ယင်းအချက်အားမန်နေဂျာဦးကျော်ဇေယျမှမှန်ကန်ကြောင်း ထွက်ဆိုသည်။) ပေးခဲ့ကြောင်းတွေ့ရသည်။ ယင်းသို့ စက်ရုံအလုပ်သမားအဖွဲ့အစည်းဝင်များအား နေ့စား၊ သန့်ရှင်းရေးထက်ပင် လျော့နည်းသည့် (၅)ထောင်ကျပ်သာ ချီးမြှင့်ခဲ့ခြင်းသည် ကျန်အလုပ်သမားများအား အလုပ်သမားအစည်းအရုံးဝင်ဖြစ်စေရန် ဟန့်တားခြင်း၊ ခွဲခြားဆက်ဆံခြင်းကြောင့် စက်ရုံလုပ်သားထုအတွင်း ပဋိပက္ခဖြစ်လာနိုင်ခြင်း၊ ပိုင်ရှင်မှ ဥပဒေပြဋ္ဌာန်းချက်ပါ အလုပ်သမားရေးရာ လုပ်ငန်းညှိနှိုင်းရေးကော်မတီလုပ်ငန်းများကို အကောင်အထည်မဖော်ခြင်းကြောင့် ဥပဒေ၏ မူလရည်ရွယ်ချက်ဖြစ်သော အလုပ်ရှင်နှင့် အလုပ်သမား (သို့မဟုတ်) အလုပ်သမားအဖွဲ့အစည်းကြားတွင် ဆက်ဆံမှုကောင်းမွန်စေရေး၊ အလုပ်လုပ်ကိုင်မှုအခြေအနေ၊ စည်းကမ်းချက်များဆွေးနွေးညှိနှိုင်းရေးနှင့် အလုပ်သမားများ၏ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းရေး၊ ကျန်းမာရေး၊ သက်သာချောင်ချိရေးနှင့် ကုန်ထုတ်လုပ်မှုတိုးတက်ရေးတို့ကို မြှင့်တင်ဆောင်ရွက်နိုင်ခြင်းမရှိဘဲ အလုပ်ရှင်/အလုပ်သမား ပဋိပက္ခတိုးတက်မြင့်မားရေးကို ဦးတည်နိုင်ပါသည်။

(ခ) အလုပ်ရှင်မှ မြို့နယ်ညှိနှိုင်းဖျန်ဖြေရေးတွင် လည်းကောင်း၊ တိုင်းခုံသမာဓိအဖွဲ့တွင် လည်းကောင်း၊ အလုပ်ရှင်ကိုယ်စားလှယ်အဖြစ်တာဝန်ပေးစေလွှတ်ခြင်း ခံခဲ့ရသော စက်ရုံမန်နေဂျာ ဦးကျော်ဇေယျအား ခုံသမာဓိကောင်စီ ရုံးတာဝန်ခံအရာရှိ ဒေါ်ခင်မာချိုမှ ၁၉.၆.၂၀၁၄ နှင့် ၂၅.၆.၂၀၁၄ ရက်နေ့များတွင် ခုံအဖွဲ့မှ အလုပ်ရှင်ဘက်မှ သက်သေခံ တင်ပြရန်(နှစ်ကြိမ်တိုင်)ဖုန်းဖြင့် အကြောင်းကြားခဲ့သည့် အလုပ်သမားတစ်ဦးချင်း ဘောနပ်စ်ထုတ်ပေးသည့်စာရင်း၊ ငွေကြေးအကျိုးခံစားခွင့် ခွဲခြားထုတ်ပေးရသည့် မူဝါဒအကြောင်းအရင်း၊ အ

အကျိုးခံစားခွင့် ခွဲခြားထုတ်ပေးရသည့် မူဝါဒအကြောင်းအရင်း၊ အလုပ်သမားတစ်ဦးချင်းစီ၏ ဘောနပ်စ်လျှော့ပေးရသည့် အကြောင်းအရင်း စာရင်းများကို သက်သေခံတင်ပြရန် မန်နေဂျာ ဦးကျော်ဇေယျအားဖုန်းဖြင့်အကြောင်းကြားခဲ့ရာဗုဒ်င်းမှသိရှိလိုက်နာမည်ဖြစ်ကြောင်း၊ သို့ရာတွင် ၂၆.၆.၂၀၁၄ ခုံအဖွဲ့ရှေ့မှောက်တွင် ယင်းစာရင်းမှတ်တမ်းများအား အလုပ်ရှင်ကိုယ်စားလှယ် ဦးကျော်ဇေယျမှ တင်ပြရန်ပျက်ကွက်ခြင်း၊ ယင်းစာရင်းများအား ၎င်းကိုယ်တိုင် သက်သေခံတင်ပြနိုင်ခြင်းမရှိဟု ထွက်ဆိုခြင်း၊ ပိုင်ရှင်ဒေါ်ဝင်းဝင်းခိုင်ထံသို့ ယခုဖုန်းဖြင့်ဆက်သွယ်မေးမြန်းရန် ခုံအဖွဲ့မှညွှန်ကြားသည်ကို ပိုင်ရှင်၏ဖုန်းနံပါတ်မှတ်ထားသည့် ဖုန်းကဒ်ပျက်ဆီးသွား၍ ဖုန်းနံပါတ်အား မမှတ်မိပါ၊ မသိရှိပါဟု ထွက်ဆိုခြင်းတို့သည် အလုပ်သမားရေးရာ ဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၄ အား တင်ကူးကြံရွယ်ချက်ဖြင့် တမင်ဖောက်ဖျက်ခြင်းဖြစ်ကြောင်း၊ ခုံအဖွဲ့နှင့်ပူးပေါင်းဆောင်ရွက်ခြင်း မပြုလိုကြောင်းကိုပြသရာ ရောက်ပါသည်။ မန်နေဂျာဦးကျော်ဇေယျကိုယ်တိုင်လည်း ၎င်းတွင်တာဝန်ရှိကြောင်း သက်သေခံခဲ့ပြီးဖြစ်ပါသည်။ အလုပ်ရှင်ကိုယ်စားလှယ် မန်နေဂျာ ဦးကျော်ဇေယျသည် အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၄ ပါတားမြစ်ချက်တစ်ရပ်ကိုဖောက်ဖျက်ကျူးလွန်ကြောင်းတွေ့ရှိရသည်။ ထို့ကြောင့်အလုပ်သမားရေးရာအငြင်းပွားမှုဖြေရှင်းရေး(၂၀၁၂) ပုဒ်မ (၄၈)အရ လိုအပ်သလိုအရေးယူဆောင်ရွက်သင့်ပါသည်။

<u>ဆုံးဖြတ်ချက်အမှတ်(၁)။</u>

ဒေါ်မာမာခင်ပါအလုပ်သမား(၅၁)ဦးတို့၏ ဘောနပ်စ်ခံစားခွင့်နှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး ခုံသမာဓိအဖွဲ့ ဆုံးဖြတ်ချက်အားပယ်ဖျက်ပြီး အောက်ပါအတိုင်းဆုံးဖြတ်သည် -

(က) ဒေါ်မာမာခင်ပါ အလုပ်သမား(၅၁)ဦးသည် လုပ်သက်ရင့်လစား ဝန်ထမ်းများဖြစ်ခြင်းနှင့် ပိုင်ရှင်ကိုယ်စားလှယ်မှ ဆန္ဒပြု၍ ဘောနပ်စ်အနည်းဆုံးပေးသည်ဟု သက်သေခံချက်များသည် လုံလောက်သော အထောက်အထားမဖြစ်ခြင်း၊ လက်ခံနိုင်ဖွယ်မရှိခြင်းကြောင့် ဒေါ်မာမာခင်ပါ အလုပ်သမား(၅၁)ဦးအား ဘောနပ်စ် ၅၀၀၀ိ/-ကျပ်စီသာ ခံစားခွင့်ပေးခြင်းသည် ဆိုးကျိုးများကိုဦးတည်သည့် ခွဲခြားဆက်ဆံခြင်း၊ စက်ရုံအလုပ်သမားထုအတွင်း လုပ်ငန်းရှင်မှသပ်လျှိုသည့်သဘော သက်ရောက်သဖြင့် လုပ်ငန်းတူ၊ အဆင့်တူ နေ့စားလုပ်သားများ အနည်းဆုံးခံစားခွင့် ၆၀၀၀ိ/-ကျပ်နှင့် တန်းတူခံစားနိုင်စေရန်အတွက် ဒေါ်မာမာခင်ပါ အလုပ်သမား(၅၁)ဦးအား

၂၀၁၄ ခုနှစ် သင်္ကြန်ဘောနပ်စ်အဖြစ် အလုပ်ရှင်မှတစ်ဦးလျှင် ဘောနပ်စ်ငွေ ၆၀၀၀၀ိ/-ကျပ်ပေးရန် ဆုံးဖြတ်သည်။ ဒေါ်မာမာခင်ပါ (၅၁)ဦးအား ယခင်ထုတ်ပေးခဲ့သည့် ဘောနပ်စ်ငွေ၅၀၀၀ိ/-ကျပ် အား ယခုဘောနပ်စပ်ထုတ်ပေးငွေမှ ခုနှိမ်၍ ခံစားခွင့်ပြုရန်ဆုံးဖြတ်သည်။

(ခ) အလုပ်ရှင်ကိုယ်စားလှယ် မန်နေဂျာ ဦးကျော်ဇေယျသည် အလုပ်သမားရေးရာ အငြင်းပွားမှု ဖြေရှင်းရေးဥပဒေ ပုဒ်မ ၄၄ အရ လိုက်နာရန်ပျက်ကွက်ကြောင်း ထင်ရှားသဖြင့် အလုပ်သမားရေးရာ အငြင်းပွားမှုဖြေရှင်းရေး ဥပဒေ ပုဒ်မ ၄၈ အရ အရေးယူရန်ဆုံးဖြတ်သည်။

ဤဆုံးဖြတ်ချက်သည် အထက်တွင်ဖော်ပြထားသည့် နေ့ရက်မှစ၍ အာဏာတည်စေရမည်။

၈။ တောင်းဆိုသူများအား ပေးရန်ရှိသောငွေများကို ဤဆုံးဖြတ်ချက်ချသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀ အတွင်းပေးရမည်။

| | | |
|---|---|---|
| ဦးထွန်းအေး | ဦးစိုးညွန့် | ဒေါ်စန်းစန်းဦး |
| အဖွဲ့ဝင် | ဥက္ကဋ္ဌ | အဖွဲ့ဝင် |